စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

# ဆလပ်ပင်

## အကြောင်း

## သိကောင်းစရာ နှင့် စိုက်ပျိုးနည်းစနစ်



စိုက်ပျိုးရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန



# ဆလပ်ပင် အကြောင်း သိကောင်းစရာ

# နှင့်

# ဆလပ်ပင် စိုက်ပျိုးနည်းစနစ်များ

# ဆလပ်ပင် စိုက်ပျိုးနည်းစနစ်

မြန်မာ အမည် - ဆလပ်
အင်္ဂလိပ် အမည် - *Lettuce*
ရုက္ခဗေဒ အမည် - *Lactuca sativa*
မျိုးရင်း အမည် - *COMPOSITE*

## ၁။ မူရင်း ဒေသ

ဆလပ်၏ မူရင်းဒေသသည် အာရှ မိုင်းနား၊ အီရန်နှင့် တူရကီ နိုင်ငံတို့ ဖြစ်သည်။

## ၂။ စိုက်ပျိုးသည့် ဒေသ

ကမ္ဘာအနှံ့အပြား စိုက်ပျိုးသည်။ အမေရိကန် နိုင်ငံနှင့် ဥရောပ နိုင်ငံတို့သည် ဆလပ်ကို နှစ်ခြိုက်စွာ စားသုံးကြသည်။ မြန်မာနိုင်ငံတွင် ဒေသမရွေး စိုက်ပျိုးနိုင်သည်။

## ၃။ အမျိုးအစား

ဆလပ် အမျိုးအစား (၄) မျိုး ရှိပါသည်။
(၁) Head type, Capitata
(၂) Cutting or leaf type, Crispa
(၃) Cos of romaine type, longifolia
(၄) Asparagus or stem lettuce type, Asparagina.

စီးပွားဖြစ် အများဆုံး စိုက်ပျိုးသော မျိုးများမှာ
(၁) The Crisphead
(၂) The butterhead
(၃) The cos or romaine
(၄) The leaf or bunching
(၅) The stem တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဂေါ်ဖီထုပ်ကဲ့သို့ အထုပ်မျိုးနှင့် ရွက်ပြန့်မျိုး ဟူ၍ နှစ်မျိုး စိုက်ပျိုးကြသည်။ အရွက် အရောင်အားဖြင့် အစိမ်းရောင်၊ အနီရောင် နှစ်မျိုး ရှိပါသည်။

## ၄။ ရေမြေရာသီဥတု

ဆလပ်ကို မြေအမျိုးမျိုးတွင် စိုက်ပျိုးနိုင်သည်။ အကောင်းဆုံးမှာ သဲနုန်း သို့မဟုတ် နုန်းမြေတွင် နွားခြေမြေဆွေး နိုင်နိုင်ချပေးခြင်းဖြစ်သည်။ ရေမဝပ်သော ခဲမြေတွင်လည်း စိုက်ပျိုးရန်သင့်တော်သည်။ စောစောထွက်လိုက သဲနုန်းမြေတွင် စိုက်ရမည်။ အချဉ်ဓာတ်များသော မြေတွင် ကောင်းစွာ မဖြစ်ထွန်းချေ။ PH (၅ - ၆.၅) အတွင်းရှိ မြေများတွင် စိုက်ပျိုးသောအခါ မြေချဉ် ငန်ဓါတ်လျော့လာသည်နှင့် အထွက်တိုးလာသည်ကို တွေ့ရသည်။ ဆလပ်စိုက်ပျိုးမည့် မြေသည် အစိုဓါတ်ကောင်းစွာထိန်းနိုင်ရန် အရေးကြီးသော်လည်း ရေမဝပ်စေရပါ။

တစ်လတွင် ပျမ်းမျှ အပူချိန် (၁၂ - ၁၅)ဒီဂရီစင်တီဂရိတ်အတွင်းရှိသော ရာသီတွင် စိုက်ပျိုးရန် အကောင်းဆုံးဖြစ်သည်။ ပူအိုက်သောရာသီတွင် စိုက်ပျိုးက ပွင့်တံအထွက်စောပြီး ပင်ပိုင်းကြီးထွားမှု အချိန်တိုတောင်း၍ အပင်ကိုငယ်စေသည်။ အရွက်၏ အရသာကိုလည်း ခါးသက်သက်ဖြစ်စေ၍ ရွက်ဖျားခြောက်ပြီး ပုပ်ခြင်းတို့ကို ဖြစ်စေတတ်သည်။ မြေအပူချိန် (၃၀) ဒီဂရီစင်တီဂရိတ် အထက်ရှိပါက ဆလပ်စေ့သည် အကောင်းစွာ မပေါက်တော့ချေ။

## ၅။ ပျိုးထောင်ခြင်း

ဆလပ်ကို အချို့က ပျိုးထောင်စိုက်ပျိုးကြ၍ အချို့က တိုက်ရိုက်စိုက်ပျိုးကြသည်။ အထူးသဖြင့် ရွက်ပြန့်မျိုးကိုတိုက်ရိုက်စိုက်ပျိုးကြသည်။ရာသီပေါ်မူတည်၍ကွာခြားသည်။ ဩဂုတ်၊ စက်တင်ဘာလများတွင် တိုက်ရိုက်စိုက်နိုင်ပြီး အောက်တိုဘာ၊ နိုဝင်ဘာလသို့ ရောက်သောအခါ ပျိုးထောင်၍ စိုက်ပျိုးနိုင်သည်။

ဆလပ်ကို ပျိုးထောင်က အများအားဖြင့် ပျိုးဘောင်တွင် မျိုးစေ့ကို ညီညာအောင် ကြဲ၍ အပေါ်ယံ မြေဖြူးပေးပြီး ကောက်ရိုးပါးပါးနှင့် အုပ်ပေးပါ။ အပင်လေးများ ပေါက်လာပါက ကောက်ရိုးကို ဖယ်ရှားပေးရမည်။ အစိုဓါတ်မပြတ်စေရန် နေ့စဉ် ရေမှန်မှန် လောင်းပေးပါ။ ပျိုးပင် (၆ - ၈)ပတ်သားအရွယ်တွင် စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်နိုင်သည်။ စိုက်ခင်းတွင် ပြောင်း၍ စိုက်ချိန်၌ ရာသီဒဏ်ခံနိုင်၍ ပျိုးပင်ကလေးများကို တစ်ပတ်အလိုတွင် မကြာခဏ ရေဖြတ်ပေးရမည်။

## ၆။ မျိုးစေ့နှုန်းထား

တစ်ဧကမျိုးစေ့ (၁၀၀ -၁၅၀) ဂရမ်လိုအပ်မည်။

## ၇။ မြေသြဇာနှုန်းထား တစ်ဧကအတွက်

နွားချေး - ၁၀ - ၁၅ တန်း

ယူရီးယား - ၂၂၄ ပေါင်

တီစူပါ - ၁၁၂ ပေါင်

စိုက်ချိန်တွင် ယူရီးယား (၂၂၄)ပေါင်ကို ထည့်ပေးပါ။

## ၈။ မြေပြုပြင်ခြင်း

ဆလပ်မျိုးစေ့သည် သေးငယ်သောကြောင့် သမန်းမညက်တညက်ကို တိုက်ရိုက်စိုက်ပျိုးသောအခါ မြေစာခဲများအကြားတွင် အစေ့များကျ၍ ပိနေလျှင်အပင်မပေါက်နိုင်ပါ။ တန်းဆွဲမျိုးစေ့ချရာ၌လည်း ခက်ခဲသည်။ ထို့ကြောင့် မြေကိုထွန်ရေးညက်အောင်ထွန်ရမည်။ သို့မှသာ အစိုဓါတ်လည်းကောင်းမွန်စွာ ထိန်းထားနိုင်မည်။ ရေသွင်းစိုက်ပျိုးလျှင် ဘောင်နိမ့်များ အရှည်လိုက် ပြုလုပ်ပြီး ဘောင် တစ်ခုနှင့် တစ်ခုကြားတွင် ရေသွင်းမြောင်းအဖြစ် ပြုလုပ်ရမည်။ ဘောင်၏ အကျယ်မှာ (၁၈.၂၀) လက္မခန့်ရှိပြီး ဘောင်တစ်ခုလျှင် (၂)တန်းစိုက်ပျိုးပါသည်။ မိုးတွင်းစိုက်က ရေမဝပ်စေရန် ၎င်းထက်မြင့်သော ဘောင်ပြုလုပ်ပေးရမည်။

## ၉။ စိုက်ပျိုးခြင်း

ညီညာသော ဘောင်များပြုလုပ်ပြီးသောအခါ ဘောင်တစ်ခုတွင် (၁၆ - ၁၈) လက်မခြားပြီး စိုက်တန်းကို လက်ချောင်းဖြင့် အလျားလိုက် ခပ်တိမ်တိမ်ဆွဲပေးပါ။ ၎င်းစိုက်ကြောင်းထဲသို့ မျိုးစေ့ကို ပါးပါးချပြီး မြေဖို့၍ လက်ဖြင့် အသာအယာ ဖိပေးပါ။

အပင်ကလေးများ ပေါက်လာသောအခါ တစ်ပင်နှင့် တစ်ပင် (၁)လက္မခန့်ခွာ၍ ညပ်နေသော အပင်ကလေးများကို နှုတ်ပစ်ရမည်။ ထို့နောက် (၁၀)ရက်ခန့်ကြာသောအခါ တစ်ပင်ခြား၊ တစ်ပင်ခြား နှုတ်ပစ်ပါ။ ထိုအချိန်တွင် အရွက်များကို စားသုံးနိုင်သည်။ ဆက်လက်၍ အပင်များ ကြပ်လာသောအခါတိုင်း တစ်ပင်ခြားစီးနှုတ်ပေးခြင်းဖြင့် ရရှိလာသော အပင်များကို ရောင်းချနိုင်သည်။

ပျိုးထောင်၍ စိုက်ပျိုးပါက ပျိုးသက် (၆ - ၈)ပတ်သားကို စိုက်သော ဘောင်ပေါ်သို့ တင်၍ စိုက်သည်။ တစ်ပင် နှင့် တစ်ပင် (၁)ပေ နှင့် (၁.၅)ပေခြား၍ ညနေပိုင်း နေအေးချိန်တွင် စိုက်ပျိုးသည်။

## ၁၀။ အပင်ပြုစုခြင်း

ဆလပ်စိုက်ပျိုးရာ၌ ပေါင်းနိုင်ရန် အရေးကြီးသည်။ ဆလပ်ပင်သည် အထနေး သောကြောင့် ပေါင်မြက်တို့နှင့် မယှဉ်ပြိုင်နိုင်ပေ။ အမြစ်သည် မြေအပေါ်ယံ၌သာ ရှိသော ကြောင့် ပေါင်းလိုက်ရာ၌ အမြစ်မထိခိုက်စေရန် အရေးကြီးသည်။ စိုက်ပြီး (၁)လ အကြာ တွင် ဒုတိယအကြိမ် နိုက်ထြိုဂျင် ဓာတ်မြေဩဇာ ထည့်ပေးရမည်။

## ၁၁။ ရေသွင်းခြင်း

ဆလပ်ပင်သည် အစိုဓါတ်ကို နှစ်သက်သဖြင့် ရေကို ဖောဖောသီသီလောင်းပေးရန် လိုသည်။ ရေသွင်းစိုက်ပျိုးရာ၌ ရေဝပ်အောင် များစွာမသွင်းရပါ။ အစိုဓါတ်များနေလျှင် အမြစ်ပုပ်တတ်သည်။

## ၁၂။ ရိတ်သိမ်းခြင်း

ဆလပ်အထုပ်မျိုးကို ရောင်းချရန်အတွက် စိုက်ပျိုးပါက အထုပ်အရွယ်ရောက်ပြီး တင်းလာသော အချိန်တွင် ဆွတ်ခူးနိုင်သည်။ အကယ်၍ အိမ်သုံးအတွက် စိုက်ပျိုးပါက စတင်ထုတ်သည့်အချိန်မှစ၍ ဆွတ်ခူးနိုင်သည်။ သို့မဟုတ် မထုပ်မီ အရွက်များကို ခူးစား နိုင်သည်။ ရွက်ပြန့်မျိုးကို ရိတ်သိမ်းရာ၌ အပင်မှုန်းချိန်တွင် စတင်ဆွတ်ခူးသည်။ အပင် သက်တမ်းတစ်ဝက် ရောက်က စတင်ရောင်းချနိုင်ပြီဖြစ်၍ အပင်မှုန်းရာ၌ အကြီးဆုံး အပင် များကိုသာ ရွေးချယ်၍ ရောင်းချရမည်။ ဆလပ်များ လှိုင်လှိုင်မပေါ်မီ ဈေးကောင်း ရစေနိုင်ပါသည်။

ဆလပ်ပေါ်တွင် မိုးရေများ၊ နှင်းများရှိနေလျှင် ဆွတ်ခူးရန် မသင့်သေပေ။ ဆလပ် ရွက်များ ရေစိုနေပါက ကြွတ်ကြွတ်ဆတ်ဆတ်ဖြစ်ခြင်းကြောင့် ကိုင်တွယ်ရာ၌ ကျိုးပဲ့ လွယ်သည်။ ဆလပ်ပင်၏ အောက်ပိုင်းအရွက်များရောဂါကျနေကဖယ်ရှားပစ်ရန်လိုသည်။ သို့မဟုတ် ပါကအခြားအပင်များသို့ ရောဂါပြန့်ပွားတတ်သည်။

## ၁၃။ သိုလှောင်ခြင်း

ဆလပ်သည် သိုလှောင်သော သီးနှံမဟုတ်ချေ။ သို့ရာတွင် အချို့နိုင်ငံများမှာ ဆလပ် လှိုင်လှိုင်ပေါ်ပြီးနောက် ရုတ်တရက်ရှားသွားတတ်သဖြင့် ဈေးကောင်းကို ချိန်၍ သိုလှောင် တတ်ကြလေသည်။ ဆလပ်ကို ရေခဲအမှတ်အပူချိန် (၃၂) ဒီဂရီဖာရင်ဟိုက်တွင် (၃ - ၄) ပတ်ကြာ သိုလှောင်နိုင်ပါသည်။